ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

မင်းတုန်းမြို့နယ်



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ပိန္နဲပင်ကျေးရွာ


၂၀၁၈ခုနှစ်

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်မြေပုံ | ၁ |
| ၂။ ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၄ - ၇ |
| ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား | ၈ |
| ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ | ၉ - ၃၀ |
| ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၃၁ - ၃၃ |
| ၈။ ကျေးရွာအခြေခံအချက်အလက် (ပုံစံ - ၁ ) | ၃၄ - ၃၆ |
| ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂ ) | ၃၇ - ၃၈ |
| ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ - ၃ ) | ၃၉ - ၄၁ |
| ၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးခြင်း ( ပုံစံ - ၄ ) | ၄၂ |
| ၁၂။ အစည်းအဝေးမှတ်တမ်းများ | ၄၃ - ၄၉ |
| ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၅၀ - ၅၄ |

# မင်းတုန်းမြို့နယ်မြေပုံ

ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
မင်းတုန်းမြို့နယ်
မကွေးတိုင်း
စကေး ၄ လက်မ = ၁ မိုင်





## ညွှန်ပြချက်

- မြို့နယ်နိမိတ်
- ကျေးရွာအုပ်စုနယ်နိမိတ်
- မြို့
- ကျေးရွာအုပ်စု
- ကျေးရွာ
- ကားလမ်း
- ချောင်း
- သစ်တောကြိုးဝိုင်း

# ပိန္နဲပင်ကျေးရွာအုပ်စုမြေပုံ






## ညွှန်ပြချက်

- မြို့နယ်နိမိတ်
- ကျေးရွာအုပ်စုနယ်နိမိတ်
- ကျေးရွာအုပ်စု
- ကျေးရွာ
- ချောင်း
- ကားလမ်း
- ဆက်သွယ်ရေးလမ်း
- အုပ်စုနယ်နိမိတ်

အုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စု | | ကျေးရွာ |
|---|---|---|---|
| ၁ | ပိန္နဲပင် | ၁ | ပိန္နဲပင် ကျေးရွာ |
| | | ၂ | ဘာဒွန်း ကျေးရွာ |
| | | ၃ | ဆင်ပေါ ကျေးရွာ |

# ပိန္နဲပင်ကျေးရွာသမိုင်း

ပိန္နဲပင်အုပ်စု
ပိန္နဲပင်ကျေးရွာ

ရက်စွဲ - ၂၄.၁၁.၁၇
နေရာ - ဘုန်းတော်ကြီး
ကျောင်းမြောက်ဦး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်အတွင်း၌ရှိသော ပိန္နဲပင်ကျေးရွာကလေးသည် ၁၂၄၀ ခုနှစ်တွင် အိမ်ခြေ (၁၅၁) လုံးဖြင့် တည်ခဲ့သည်ဟုသိရှိရပါသည်။ ကလေးငယ်တော်တော်များပြီးသည့်အချိန်တွင် စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း မရှိသေးသည့်အတွက် ဆင်ဘောကျေးရွာသို့ သွားရ၍ စာသင်ကြားခြင်း၊ ဥပုသ်သီလဆောက်တည်ရန်သွားခြင်း ပြုလုပ်ခဲ့ကြရပါသည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံတော် အစိုးရမှ ခွင့်ပြုချက်ရရှိခဲ့ပြီး စာသင်ကျောင်း (၁) ထပ်ဆောင် ရရှိခဲ့ပါသည်။ (၁) ထပ်ဆောင်မှာ သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်းဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင် ဘုန်းတော်ကြီးကျောင်းကို ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ပါသည်။ ကျောင်းမှာ အောက်ခြေတွင် သံဖိနပ်ပြီး တိုင်တိုင်များဖြစ်ပြီး ပျဉ်ခင်း၊ ပျဉ်ကာ သွပ်မိုးဖြစ်ပါသည်။ ပိန္နဲပင်ကျေးရွာမှ ပုသိမ်ရွာကားလမ်းသို့သွားရောက် ဆင်ဘောဘက်မှ သွားရသဖြင့် အချိန်ကြာပါသည်။ ဒါကြောင့် ကျေးရွာလူထုအားလုံး တိုင်ပင်ဆွေးနွေးပြီး ရွာလူထုအင်အားဖြင့် ပုသိမ်ရွာကားလမ်းသို့ လမ်းဖောက်လုပ်ခဲ့ကြပါသည်။ လမ်းအရှည်မှာ ၂ မိုင်နှင့် ၄ ဖာလုံ ရှိပါသည်။ မြေသားလမ်းဖြစ်ပြီး နွေရာသီတွင်သွားလာရ အသင့်အတင့် အဆင်ပြေခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ကျေးရွာလူထုမှ လမ်းကလေးကောင်းမွန်ပြီး ရာသီမရွေး သွားလာရ လွယ်ကူ အဆင်ပြေစေရန် (၁၉) သိန်းခွဲ အကုန်အကျခံကာ လမ်းတွင် သဲများခင်းခဲ့ပါသည်။ သို့ရာတွင် လမ်းမှာ မိုးတွင်းအခါ ရေတိုက်စားမှုများ ရှိခြင်းကြောင့် သဲများ ရေနှင့်အတူပါပြီး အဆင်ပြေမှု အားနည်းခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်တော် ဘတ်ဂျက်ငွေ၊ ကျေးရွာလူထု ထည့်ဝင်ငွေဖြင့် ကလဖ် ပြင်ဆင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင်လည်း ကျေးရွာအရှေ့ဘက်ရှိ ချောင်းကူးတံတားကို ကိုယ်ထူ စနစ်ဖြင့် တည်ဆောက်ခဲ့ကြပါသည်။

၂၀၁၄ ခုနှစ်တွင်လည်း ရေရရှိရေးအတွက် ကန်လည်စမ်းရှင်း သာမောင်ခင်းကိုမှ ရေသွယ်ယူခဲ့ကြပါသည်။ ကျေးရွာလူထုမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ကြရာ ရွာလူထုအားလုံး ရေလုံလောက်စွာရရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင်လည်း ထုံးတောင်စမ်း မှ တစ်ဖန်သွယ်ယူခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် လူထုဖွံ့ဖြိုးရေး စီမံကိန်း ရန်ပုံငွေ ဖြင့် မိန့်ပြင် ကျေးရွာလမ်းအား ပြုပြင်လုပ်ခဲ့ပြီး၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်တွင် လမ်းကောင်းမွန်ရေး အတွက် ကြိုးပမ်းခဲ့ကြရာ အနှစ်ချုပ်တွင် မိန့်ပြင်မှ ပုသိမ်ကြီးရွာကား လမ်းသို့ ဆက်သွယ်သော လမ်း မှာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာရ အဆင်ပြေ ချောမွေ့ ရှိပါသည်။ လူထုဖွံ့ဖြိုး စီမံကိန်းရန်ပုံငွေဖြင့် သုံးနှစ်ဆက်တိုက် ပြုလုပ်ခဲ့သော လမ်းကြောင်း ကျန်းမာရေး၊ လူမှုရေး စီးပွားရေး၊ ပညာရေး တို့တွင် မိုးရာသီတလျှောက် ရွှံ့ဗွက်ဖြတ်ကျော်ကြရမှု မရှိဘဲ အချိန်မီစွာ သွားလာရ အဆင်ပြေချောမွေ့ ရှိပါသည်။

ပါဝင်ဆွေးနွေးသူများ - - (၁) ဦးအောင်ဝင်း၊ ဦးစိုးထွေး၊ ဦးကျော်ဝင်း၊ ဦးထွန်းရီ၊ ဦးထိန်ဦး
ဦးအေးကျော်၊ ဦးလှဦး၊ ဒေါ်ကြည်မြင့်၊ ဒေါ်ကြွယ်လေး
ဒေါ်သန်းသန်းထွေး၊ ဒေါ်မြင့်ဦး

ပိန္နဲပင်အုပ်စု ၊ ပိန္နဲပင်ကျေးရွာ

ရက်စွဲ - ၂၄.၁၁.၁၃

ပိန္နဲပင်ကျေးရွာသမိုင်း သုံးသပ်ချက်

နေရာ - ဘုန်းတော်ကြီးကျောင်း
ဓမ္မာရုံ

ပိန္နဲပင်ကျေးရွာသည် ၁၂၄၀ ခုနှစ်တွင် အိမ်ခြေ (၁၅) လုံးနှင့် စတင်တည်ထောင်ခဲ့ပါသည်။ ယခုအချိန်တွင် အိမ်ထောင်စု (၆၉) စုနှင့် လူဦးရေ (၂၂၇) ယောက်ရှိပါသည်။ ၁၉၈၆ ခုနှစ်တွင် အမက ကျောင်းကို အစိုးရမှ ဖွင့်ပေးလိုက်ပြီး ကျောင်းသား/သူများ စာသင်ကြားခဲ့ရပါသည်။ ၁၉၉၁ ခုနှစ်တွင်ဘုန်းတော်ကြီးကျောင်းကို ကိုယ်ထူ ကိုယ်ထ ဆောက်လုပ်ခဲ့ပါသည်။ ကျေးရွာလူထုမှာ ကျန်းမာရေး ၊ ပညာရေး ၊ စီးပွားရေး အဆင်ပြေပြီး သွားလာရ လွယ်ကူစေရန်အတွက် ၂၀၀၈ ခုနှစ်တွင် ရွာလူထု၏ စုပေါင်းအင်အားဖြင့် ပိန္နဲပင်မှ - ပုသိမ်ရွာ ဆက်သွယ်သောလမ်းသို့ စတင်ဖောက်လုပ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင်လည်း ကျေးရွာလူထု၏ ရန်ပုံငွေ (၁၉) သိန်းခွဲ အကျန် အကြေခံကာ ဆက်သွယ်ရေးလမ်း ကောင်းမွန်စေရန်အတွက် သဲများကို ခင်းခဲ့ပါသည်။ လမ်းကလေးမှာလည်း အတော်အသင့်ကောင်းမွန်ခဲ့ပါသည်။ ထိုဆက်သွယ်ရေး လမ်းသို့သွားရာ လမ်းများတွင် ချောင်းများရှိပါသည်။ မိုးတွင်းအခါ သွားလာရ ခက်ခဲလှသောကြောင့် ကျေးရွာလူထု ၊ ရပ်မိရပ်ဖ အားလုံး တိုင်ပင်ဆွေးနွေးကြပြီး တံတား တည်ဆောက်ရန်စီစဉ်ကြပါသည်။ အိမ်ထောင်စု နည်းပြီး စီးပွားရေးအလွန်အဆင်ပြေမှု အားနည်းသောကြောင့် သစ်သားတံတားလေးကိုသာ ကိုယ်ထူ ကိုယ်ထ ဆောက်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင်နိုင်ငံတော်လွှတ်တော်ဘတ်ဂျက်ငွေနှင့်သော်လည်းကောင်း ၊ ကျေးရွာလူထု၏ရန်ပုံငွေဖြင့်သော်လည်းကောင်း ယာဉ်ကြော ဖောက်ခဲ့သောလမ်းကလေး ကောင်းမွန်စေရန် ထပ်မံပြုပြင်ခဲ့ကြပါသည်။ ၂၀၁၄ / ၂၀၁၅ ခုနှစ်တွင် ကျေးရွာလူထု အားလုံး သောက်ရေ ၊ သုံးရေ အဆင်ပြေစေရန်အတွက် ရွာ၏ အရှေ့တောင်နှင့် မြောက်ဘက်ရှိ စမ်းများအား လိုက်လံကြည့်ရှုပြီး ရေသွယ်ယူရန် ရွာလူထု အားလုံး စီစဉ်ကြပါသည်။ ထိုသို့ စီစဉ်ပြီး ကျေးရွာလူထု အားလုံး ရေရရှိရေးအတွက် အရှေ့တောင်အရပ်ရှိ ကန်လည်စမ်းနှင့် ရွာ၏ မြောက်ဘက်ရှိ ထုံးတောင်စမ်း ၊ သဖြေစမ်း တို့မှ ကိုယ်ထူ ကိုယ်ထ စုဖြင့် စိမ့်စမ်းရေ သွယ်ယူခဲ့ပါသည်။ ကျေးရွာတွင် ရေလုံလောက်စွာ သွယ်ယူရရှိခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် ဖူထုမဟိုမြ စီမံကိန်းရန်ပုံငွေဖြင့်လည်း ဆက်သွယ်ရေးလမ်းကောင်းမွန် စေရန် ကျောက်ကြီးချ၊ ထိုးကျုံးခင်း၊ မြေနီဖြန့်ပြီး ရေကျော်လေးများ ဆောင်ရွက်ခဲ့ပါသည်။ ပေအရှည်မှာ (၂၂၀၀) ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှာလည်း ကိုလမ်းကလေးကိုဘဲ ဖူထု မဟိုမြ ရန်ပုံငွေဖြင့် ခင်းခဲ့ရာ ပေအရှည်မှာ (၁၉၂၀) ဖြစ်ပါသည်။ ယခုလက်ရှိ ၂၀၁၈ ခုနှစ်မှာတော့ ပိန္နဲပင်ကျေးရွာကလေးနှင့် ပုသိမ်မြို့ရွာ ဆက်သွယ်ရေးလမ်းကလေးမှာ ကောင်းမွန်စွာ ကျေးရွာအထိ ရွေ့၊ မြိုး၊ ဆောင်း သွားလာရ ရနေပြီ ဖြစ်ပါသည်။


ကျေးရွာသမိုင်းသုံးသပ်ချက် အနှစ်ချုပ်

ရှေ့ ပိန္နဲပင်ကျေးရွာသမိုင်းများသုံးသပ်ချက် အနှစ်ချုပ်ရသော် ကျေးရွာလူထု မှာပူးပေါင်းပါဝင်မှု ကောင်းပြီး ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်လိုသော်လည်း ငွေကြေး ကြောင့် အဆင်မပြေသောကြောင့်ရွာ ဖွံ့ဖြိုးရေး မလုပ်နိုင်ခြင်း၊ စီးပွားရေးအားနည်းခြင်းတို့ ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူများ - ဦးအောင်ဝင်း၊ ဦးစိုးထွေး၊ ဦးကျော်ဝင်း၊ ဦးထွန်းငြိ၊ ဦးဝင်းနိုင်၊ ဦးဆွေရှင်၊ ဦးဖြူဦး၊ ဒေါ်ကြည်မြင့်၊ ဒေါ်ကြယ်လေး၊ ဒေါ်သန်းထွေး ဒေါ်မြင့်နိုင်

လူထုပူးပေါင်း ပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း အကျဉ်းချုပ်ဇယား

| စဉ် | အကဲဖြတ်ဆန်းစစ်ခြင်း ကိရိယာများ | ရည်ရွယ်ချက် |
|---|---|---|
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ကျေးရွာ၏ အရင်းအမြစ်များနှင့် အခြေခံအဆောက်အဦးများ သိရှိလာစေရန်။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း | ကျေးရွာ၏ ဥစ္စာဓန ပိုင်ဆိုင်မှု အဆင့်အတန်းများ သိရှိလာစေရန်။ |
| ၃ | အရင်းအမြစ်များ အသုံးချနိုင်မှု ခွဲခြမ်းစိတ်ဖြာခြင်း။ | ကျေးရွာ၏ အရင်းအမြစ်များကို သိရှိ၊ အမျိုးသား အမျိုးသမီးများ မည်သို့ အသုံးချနေသည်ကို သိရှိလာစေရန်။ |
| ၄ | ရာသီအလိုက်ပြ ပြက္ခဒိန်ရေးဆွဲခြင်း။ | ကျေးရွာ၏ စိုက်ပျိုးချိန်၊ ပွဲတော်ချိန်၊ အားလပ်ချိန်များ သိရှိလာစေရန်။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ကျေးရွာအတွင်းရှိ အိမ်ထောင်စုများ၏ အမျိုးသား၊ အမျိုးသမီး အခန်းကဏ္ဍများ သိရှိလာစေရန် |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ ရေးဆွဲခြင်း | ကျေးရွာအတွင်းနှင့်ပြင်ပအဖွဲ့အစည်း မည်သို့ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိလာစေရန်။ |
| ၇ | ပြဿနာသစ်ပင် ရေးဆွဲခြင်း | ကျေးရွာအတွင်းရှိ ဦးစားပေးလုပ်ငန်း အခက်အခဲ အကြောင်းအရင်း၊ အကျိုးဆက်များ အားသိရှိရန်။ |


လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ
ပိန္နဲပင်ကျေးရွာ
ရည်ညွှန်းချက်
ဘုန်းကြီးကျောင်း၊ စေတီ
ရေတွင်း၊ ရေကန်
ပါဝင်ဆွေးနွေးရေးဆွဲသူများ

ပိန္နဲပင်အုပ်စု ၊ ပိန္နဲပင်ကျေးရွာ
ရက်စွဲ - ၂၄.၁၁.၁၇

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်
ရေးသူ - ဘုန်းတော်ကြီး
ကျောင်းမျှာရုံ

ပိန္နဲပင်ကျေးရွာသည် ၁၂၄၀ ခုနှစ်တွင် အိမ်ခြေ (၁၅) လုံးဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် အိမ်ထောင်စု (၆၉) စုနှင့် လူဦးရေ (၂၂၇) ယောက်ရှိပါသည်။ ကျေးရွာတွင်းတွင် အရှေ့၊ အနောက် လမ်းမကြီး (၁) ခုနှင့် လမ်းသွယ်လေး (၄) ခုနှင့်တောင်၊ မြောက် လမ်းမကြီး (၁) ခုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၂၃) စု၊ အလယ်အလတ် အိမ်ထောင်စု (၂၄)၊ အလယ်အောက်အိမ်ထောင်စု (၁၈) စုနှင့် သာမာန် အိမ်ထောင်စု (၄) စု ရှိပါသည်။ အိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများ ဖြစ်ကြပြီး ဗုဒ္ဓဘာသာကို အားလုံး ကိုးကွယ်ကြပါသည်။ အမျိုးသား ဦးဆောင်အိမ်မှာ (၅၄) လုံးနှင့် အမျိုးသမီး ဦးဆောင်အိမ်မှာ (၁၅) ရှိပါသည်။

ကျေးရွာတွင်း လမ်းမကြီး (၂) ခုနှင့် လမ်းသွယ်လေး (၄) ခုရှိပါသည်။ ထိုလမ်းများမှာ ရွှံ့စေးမြေ ဖြစ်သောကြောင့် မိုးတွင်းအခါ ဗွက်ထပြီး သွားလာရ အနည်းငယ် ခက်ခဲပါသည်။ ပိန္နဲပင်မှ - ပုသိမ်မြို့ ရွာလမ်းသို့ ဆက်သွယ်သောလမ်းသည် ၂ မိုင်နှင့် ၄ ဖာလုံ ကွာဝေးပါသည်။ ၂၀၁၆/ ၁၇ / ၁၈ ခုနှစ်တွင် လူထုဗဟိုပြု စီမံကိန်းမှ ရွာလူထုရဲ့ လိုအပ်ချက်များဖြစ်သည့် ထိုလမ်းကလေး ကောင်းမွန်ရေးအတွက် လုပ်ငန်းခွဲ တောင်းဆိုပြီး ရွာလူထု အားလုံးတက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် ပိန္နဲပင်မှ - ပုသိမ်မြို့သွားဆက်သွယ်ရေး လမ်းကလေးမှာ ကုသိမ်ရွေး သွားလာ အဆင်ပြေနေပြီ ဖြစ်ပါသည်။ သို့ရာတွင် မိုးရွာပြီး ချောင်းရေများ လျှံသောအခါ ချောင်းဖြတ်ကူးရန်အတွက် အခက်အခဲရှိနေပါသေးသည်။ ကျေးရွာတွင်းတွင် ဆေးပေးခန်းနှင့် စာကြည့်တိုက် မရှိသေးပါ။ ကျန်းမာရေး မကောင်းပါက ပန်းတောကျေးရွာရှိ ဆေးခန်းသို့ သွားရသည်မှာ မိုးရာသီတွင် အခက်အခဲ အနည်းငယ် ရှိပါသည်။

သောက်ရေ၊ သုံးရေအတွက် ရွာအတွင်း ရေတွင်း(၄)တွင်းနှင့် ရွာ၏ မြောက်ဘက်နှင့် အနောက်ဘက်ရှိ စမ်းချောင်းမှ စိမ့်စမ်းရေကို ကိုယ်ထူကိုယ်ထ သွယ်ယူပြီး အသုံးပြုကြပါသည်။ ရွာ၏ အရှေ့မြောက်ဘက်တွင် မြေသားရေကန် ရှိပါသည်။ မြေသားရေကန်မှာ ယခုအခါ ခန်းခြောက်၍ မိုးကျမှသာ ရေရှိပါသည်။ ရွာ၏ မြောက်ဘက်နှင့်အနောက်ဘက်သို့ ပတ်ထားသော တောင်ကျချောင်း ရှိပါသည်။ ချောင်းမှာ မိုးရာသီတွင်သာ ရေကျပြီး၊ နွေရာသီတွင် ခန်းခြောက်သွားပါသည်။

ကျေးရွာ၏ အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံ ရှိပြီး ရွာသူ/သား အားလုံး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ရွာ၏ မြောက်ဘက်တွင် စပါးစက် ရှိပါသည်။ ရွာတွင်းတွင် ရေသိုလှောင်ရန် အုတ်ကန်ငယ်လေး (၁ခု) ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက် ခြမ်းတွင် ဆက်သွယ်ရေးလမ်းသို့ သွားသော သစ်သားတံတား တည်ရှိသည်။

ပိန်နဲ့ပင်ကျေးရွာ၏ အဓိက စီးပွားရေး လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်ပါသည်။ ဆန် (စပါး) ကို အဓိကထား စိုက်ပျိုးပြီး၊ ပဲမျိုးစုံ၊ နှမ်းတို့ကိုလည်း စိုက်ပျိုးကြသည်။ မိုးလေဝသ မှန်ကန်ပါက စိုက်ပျိုးရာတွင် အဆင်ပြေပြီး၊ မိုးလေဝသ ဖောက်ပြန်ပါက သီးနှံများ မရရှိဘဲ စားဝတ်နေရေး ကြပ်တည်းပြီး၊ စီးပွားရေး အဆင်မပြေခြင်းတို့ ဖြစ်ပါသည်။

ကျေးရွာတွင် မူလတန်းကျောင်း ရှိပြီး စာသင်ကြားနေသော ကျောင်းသား/သူ (၁၁) ရှိပြီး ဆရာ/ဆရာမ (၅) ဦးနှင့်အထွေထွေလုပ်သား (၁)ဦးရှိသည်။

# လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်အကျဉ်းချုပ်

ပိန္နဲပင်ကျေးရွာတွင် ဆေးပေးခန်းမရှိခြင်း၊ စာကြည့်တိုက်မရှိခြင်း၊ လုပ်အားနည်းပါးပြီး အလုပ်အကိုင်ရှားပါးခြင်း၊ အရင်းအမြစ်နည်းပါးခြင်း တို့ ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ - အစည်းအဝေးတက်ရောက်သူအားလုံး

ပါဝင်ဆွေးနွေးသူ (၁) ဦးစန်းဆွေ (၂) ဦးမြင့်၊ (၃) ဦးအောင်ကြည်ဝင်း

(၄) ဦးသန်းထွန်းဦး

(၅) ဦးမြယောင်း

(၆) ဦးဝင်းနိုင်

(၇) ဦးကံမောင်ဝင်း

(၈) ဦးညို

(၉) ဒေါ်ကြည်မြင့်

(၁၀) ဒေါ်ကစိန်

(၁၁) ဒေါ်သိတာဝင်း

(၁၂) ဒေါ်သိန်းမြင့်

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ပိန်းပင်

ရက်စွဲ - ၂၄-၁၁-၂၀၁၇

| အဆင့်သတ်မှတ်ချက် | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| အလွန်အဆင်ပြေ | လယ် (၃) ဧက၊ ကိုင်း (၁) ဧက၊ ဆိုင်ကယ်၊ နွား (၂) ကောင်၊ TV၊ ဖုန်း၊ [illegible] သွပ်မိုး (၄) ပင်အိမ်၊ လယ်ထွန်စက်၊ ပဲခွဲစက်၊ ဆိုလာ | ၂၃ | ၃၃.၃ |
| အဆင်ပြေ | လယ် (၂) ဧက၊ နွား (၂) ကောင်၊ TV၊ ဖုန်း၊ ဆိုလာ၊ ပျဉ်ထောင် (သို့မဟုတ်) သွပ်မိုး (၄) ပင်အိမ် | ၂၄ | ၃၄.၈ |
| အလယ်အလတ် | လယ် (၁) ဧက၊ နွား (၂) ကောင်၊ TV၊ ဖုန်း၊ ဆိုလာ၊ ဓနိမိုး ပျဉ်ထောင် ကြမ်းခင်း (သွပ်မိုး) (၄) ပင်အိမ် | ၁၈ | ၂၆.၁ |
| သာမန် | လယ်ယာမြေမရှိ ဆိုလာ၊ ဖုန်း၊ ထရံကာ (ကြမ်းခင်း) သက်ငယ်မိုး ၃ ပင်အိမ် | ၄ | ၅.၈ |

ပါဝင်ဆွေးနွေးသူများ - ဦးအောင်ဝင်း၊ ဦးသိန်းနိုင်၊ ဦးသိုက်ထူး၊ ဦးသက်ခိုင်၊ ဦးတင်မောင်ဝင်း၊ ဦးစိုးသူအောင်၊ ဒေါ်စိုးမူ၊ ဒေါ်ဖြူစုခိုင်၊ ဒေါ်နွယ်ဝင်း၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာလှိုင်၊ ဒေါ်နိုင်းသီတာ၊ ဒေါ်အေးအေးမြင့်၊

# ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

ရက်စွဲ - ၂၄.၁၁.၁၈

ပိန္နဲပင်အုပ်စု
ပိန္နဲပင်ကျေးရွာ

နေရာ - ဘုန်းတော်ကြီး
ကျောင်းဆောင်

ပိန္နဲပင်ကျေးရွာတွင် အိမ်ထောင်စု (၆၉) စုရှိပြီး လယ်စိုက်ပျိုးခြင်းဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်အဆင်ပြေသော အိမ်ထောင်စု၊ အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ် အိမ်ထောင်စုနှင့် သာမာန်အိမ်ထောင်စု ဟူ၍ အဆင့် (၄) မျိုး ခွဲထားပါသည်။ အလွန်အဆင်ပြေသော အိမ်ထောင်စု (၂၃) စုရှိပြီး ၎င်းတို့မှာ နေ့စဉ်ဝင်ငွေ ရှိသော အလုပ်များ ရှိကြပါသည်။ အလယ်အလတ် အိမ်ထောင်စုမှာ (၂၄) စုရှိပြီး ဝင်ငွေ၊ ထွက်ငွေ အသင့်အတင့်ရှိပါသည်။ အလယ်အလတ် အိမ်ထောင်စု (၁၈) စုရှိပြီး ဝင်ငွေထွက်ငွေ မျှတရုံသာ ရှိသည်။ သာမန်အိမ်ထောင်စုမှာ (၄) စုရှိပြီး တစ်နေ့လုပ်၊ တစ်နေ့စားများ ဖြစ်သည်။ ၎င်းတို့မှာ ယာအခြေခံ နည်းပါးပြီး အလုပ်အကိုင် အတည်တကျ မရှိခြင်း၊ နေ့စဉ်ဝင်ငွေ နည်းပါးခြင်း (မရှိခြင်း) တို့ကြောင့် ဖြစ်ပါသည်။ အလယ်အလတ် မိသားစုများနှင့် သာမာန် မိသားစုများအား အလုပ်အကိုင် အခွင့်အလမ်းများပေးခြင်းဖြင့် လူမှုဘဝ မြင့်မားကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်းသုံးသပ်ချက် အနှစ်ချုပ်

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်းအား အနှစ်ချုပ်ရသော် အဆင်ပြေသော အိမ်ထောင်စုများပြီး ဆက်လုပ်လက်စားနည်း၊ အချို့အိမ်ထောင်စုများမှာ အလုပ်အကိုင် ပုံမှန်မရှိခြင်း၊ ဝင်ငွေရေရှည် မရှိခြင်း တို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် နှောင့်နှေးခြင်းကို ဖြစ်ပေါ်သည်။

ပါဝင်ဆွေးနွေးသူများ - ဦးအောင်ဝင်း၊ ဦးသိန်းနိုင်၊ ဦးသိန်းဝင်း၊ ဦးသန်းနိုင်၊ ဦးကျော်ဇော်ဝင်း၊ ဒေါ်ရီမြ၊ ဒေါ်ဆွေဆွေဝင်း၊ ဦးစိုးသူအောင်၊ ဒေါ်မြင့်ခိုင်၊ ဒေါ်ယုယုဝင်း၊ ဒေါ်ခင်မာလေး၊ ဒေါ်ခင်မာဦး၊ ဒေါ်ရှင်ဘိကာ

# အရင်းအမြစ်အသုံးချနိုင်မှု ခွဲခြမ်းစိတ်ဖြာခြင်း

ကျေးရွာ ပိန်နဲပင်

ရက်စွဲ ၂၄.၁၁.၂၀၁၇

| အရင်းအမြစ်များ |  |  |  |
|---|---|---|---|
| ဘုန်းကြီးကျောင်း/အသေးသင်ကျောင်း<br>စာသင်ကျောင်း<br>မြင်း<br>နွား<br>TV<br>အပ်ချုပ်စက်<br>ဆိုင်ကယ်<br>လယ်/ယာ/ကိုင်း<br>ရက်ကန်းစင်<br>ဘောလုံးကွင်း<br>ခြင်းခိုင်<br>လယ်ထွန်စက်<br>Phone<br>ဆိုလာပြား<br>သဘာဝစိမ့်စမ်းရေ မီးစက် | မြင်း<br>နွား<br>ဘောလုံးကွင်း<br>ခြင်းခိုင်<br>လယ်ထွန်စက် | အပ်ချုပ်စက်<br>ရက်ကန်းစင် | ဘုန်းကြီးကျောင်း<br>စာသင်ကျောင်း<br>TV<br>[illegible]<br>ဆိုင်ကယ်<br>လယ်/ယာ/ကိုင်း<br>Phone<br>ဆိုလာပြား<br>သဘာဝစိမ့်စမ်းရေ မီးစက် |

ပါဝင်ဆွေးနွေးသူများ - ဒေါ်ကြည်မြင့်၊ ဒေါ်တင်စန်း၊ ဒေါ်လှယဉ်လေး၊ ဒေါ်ဝင်းငွေ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်တင်အောင်ဝ၊ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ဝေ၊ ဒေါ်မြင့်နိုင်၊ ဒေါ်သီတာဝင်း၊ ဒေါ်သိန်းမြင့်၊ ဒေါ်ခင်ဆောဂီ၊ ဒေါ်တင်အောင်

## အရင်းအမြစ်အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်းသုံးသပ်ချက်

ရက်စွဲ - ၂၄.၁၁.၁၇

နေရာ - ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ

ပိန္နဲပင်အုပ်စု

ပိန္နဲပင်ကျေးရွာ

ပိန္နဲပင်ကျေးရွာတွင် အရင်းအမြစ်အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်းသုံးသပ်ရာတွင် အရင်းအမြစ် ( ၂၁ ) မျိုး ခွဲခြားထားပါသည်။ သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်ဟူ၍ ရှိပါသည်။ သဘာဝ အရင်းအမြစ်များမှာ လယ်၊ ယာ၊ ကိုင်း၊ သဘာဝ စိမ့်စမ်းရေ တို့ဖြစ်ပြီး လူမှုအရင်းအမြစ်များမှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လှည်း၊ နွား၊ TV ၊ ဖုန်း တိုင် ၊ အပ်ချုပ်စက်၊ ဆိုင်ကယ်၊ ရေကန်စင်၊ ဘောလုံးကွင်း၊ ခြင်းကွင်း၊ ဆိုလာမီး မီးစက် တို့ ဖြစ်ပါသည်။ ငွေရသော အလုပ်အကိုင် များကို အမျိုးသားများက အဓိက ထိန်းချုပ်ထားသည်။ အမျိုးသား၊ အမျိုးသမီး ရပေါင်းပြီး ရပေါင်းပြီး အသုံးပြုသော အရင်းအမြစ် အသင့်အတင့်ရှိသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စ များ၌သာ အချိန်ကုန်နေကြရပြီး ငွေရရှိမှု အနည်းငယ်သာ ရှိပါသည်။ အမျိုးသမီး များကို အလုပ်အကိုင် အခွင့် အလမ်းများ ပေးသင့်ပါသည်။ ထိုသို့ အလုပ်အကိုင် အခွင့်အလမ်းများရရှိပါက မိသားစု ဝင်ငွေတိုးပြီး စီးပွားရေးများ လည်းအဆင် ပြေလာမည် ဖြစ်သည်။ ထို့နောက် ဦးဆောင်ခွင့် ၊ ဆုံးဖြတ်ခွင့် များ ပေးခြင်းဖြင့် အမျိုးသမီးများ အရင်းအမြစ် အသုံးချမှု များ ပိုမို အသုံးချလာနိုင်မည်ဖြစ် ပါသည်။

အရင်းအမြစ်အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်းသုံးသပ်ချက် အနှစ်ချုပ်

အရင်းအမြစ်အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်းသုံးသပ်ချက် အနှစ်ချုပ်ရသော် သဘာဝအရင်းအမြစ်မှာ အလွန်နည်းပါးပါသည်။ လူမှုအရင်းအမြစ်မှာလည်း အသင့်အတင့်သာ ရှိပါသည်။ အရင်းအမြစ်နည်းပါးသောကြောင့် ငွေကြေးနည်းပါးခြင်း၊ စီးပွားရေးအဆင်မပြေခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ကျေးရွာ၏ ဖွံ့ဖြိုးမှု နှေးကွေးခြင်းတို့ ကြုံတွေ့နေရပါသည်။

ပါဝင်ဆွေးနွေးသူများ - (၁) ဒေါ်ကြည်မြင့်၊ ဒေါ်တင်စိန်း၊ ဒေါ်ကုလာလေး၊ ဒေါ်စိန်ရွှေ၊
ဒေါ်သန်းသန်းအေး၊ ဒေါ်နှယ်နှယ်ဝင်း၊ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်မြွေး
ဒေါ်မြင့်ခိုင်၊ ဒေါ်သိဂ္ဂါဝင်း၊ ဒေါ်သိန်းမြင့်၊ ဒေါ်ခင်ဆာရီ
ဒေါ်တင်ဆာဝေ

# ရာသီဥတုပြက္ခဒိန်ဇယား

ရက်စွဲ - ၂၄-၁၁-၁၇

ကျေးရွာ - [illegible]

| လ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| လုပ်ငန်းခွင် (စိုက်ပျိုးရေး) | [illegible] | နှမ်းကျဲ | [illegible] | [illegible] | [illegible] | နှမ်းရိတ် | [illegible] | [illegible] | ပဲစိုက် | [illegible] | [illegible] | [illegible] |
| ပွဲတော် | သင်္ကြန် | — | — | ဝါဆိုသင်္ကန်းကပ်လှူ | ဝါတွင်းအလှူ | ဝါတွင်းအလှူ | မီးထွန်းပွဲ | ကထိန်လှူ | — | — | ထမနဲပွဲ | [illegible] |
| လမ်းသွားလာရေး (ရာသီအခြေအနေ) | သာယာ | သာယာ | [illegible] | သင့် | ခက်ခဲ | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း |
| ကျန်းမာရေး | ကောင်း | ကောင်း | ကောင်း | ညံ့ | ညံ့ | သင့် | ကောင်း | သင့် | ကောင်း | ကောင်း | သင့် | ကောင်း |
| ရေရရှိရေး | သင့် | ညံ့ | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | သင့် |
| ဝင်ငွေ / ထွက်ငွေ | oo / ooo | o / ooo | o / ooo | o / oo | o / o | oo / o | oooo / ooo | ooo / oo | o / o | o / o | oooo / o | oooo / oo |

ပါဝင်ဆွေးနွေးသူများ - [illegible]

ရာသီဥတုပြ ပြက္ခဒိန် သုံးသပ်ချက်

ရက်စွဲ - ၂၄.၁၁.၁၇
ရေးသူ - ဘုန်းတော်ကြီး
ကျောင်းမှူး

ပိန္နဲပင်အုပ်စု
ပိန္နဲပင်ကျေးရွာ

ပိန္နဲပင်ကျေးရွာ၏ ရာသီဥတုပြ ပြက္ခဒိန် သုံးသပ်ရာတွင် လအရေအတွက် (၁၂) လနှင့်အ ကြောင်းအရာ ဆယ်ခု ရှိပါသည်။ ရာသီဥတု အရေနှင့် တန်ခူး၊ ကဆုန် လများတွင် ရေ အလွန်ပူ၍ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင်း မိုးသည်းထန်စွာ ရွာသွန်းပါသည်။ သီတင်းကျွတ် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ လများတွင် ရေအသေးအတေး ပူပြီး ပြာသိုလနှင့် တပို့တွဲ လများတွင်အေး ကျပါသည်။ တပေါင်းလတွင်လည်း အလွန်ပူပြင်းသည်။ အဆို့နှစ်များတွင် ရာသီဥတု ဖောက်ပြန်မှုများ ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း တစ်နှစ်ပတ်လုံး လုပ်ကိုင်နေရပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်နေရသော်လည်း ငွေမှာ နည်းပါးနေပါသည်။ အကြောင်းမှာ မိုးရွာ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ မရှိခြင်း ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံးတွင် ပွဲလမ်းသဘင် မရှိသော လ အနည်းငယ်သာ ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေးမှာလည်း တစ်နှစ်ပတ်လုံးတွင် ကောင်းမွန်ပြီး မိုးများလွန်းသော လများသာ အခက်အခဲ အနည်းငယ်ရှိသည်။ အကြောင်းမှာ ချောင်းဖြတ်ကူး၍ သွားလာရသော ကြောင့် ဖြစ်ပါသည်။ ကျန်းမာရေးတွင်လည်း ရောဂါ ကပ်ဆိုးများ ကျရောက်ခြင်း မရှိပါ။ ရေရရှိရေးတွင်လည်း တစ်နှစ်ပတ်လုံးတွင် ပုံမှန်အားဖြင့် ကောင်းမွန်ပြီး အနည်းငယ်သာ သန့်တနှံ့မျှ စေသော လ ရှိသည်။ တစ်နှစ်ပတ်လုံး ဝင်ငွေနှင့် ထွက်ငွေ တွင် ဝင်ငွေနည်းပြီး ထွက်ငွေ များနေသည်။ တစ်နှစ်ပတ်လုံး လုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း ဝင်ငွေမှာ နေ့စဉ် မရှိပါ။ ရာသီဥတု မမှန်ကန်ခြင်းကြောင့် ဖြစ်သည်။


ကုသိုလ်ဥပမ ပြက္ခဒိန်သုံးသပ်ချက် အနှစ်ချုပ်

မိန့်ပဇကျေးရွာ၏ ကုသိုလ်ဥပမ ပြက္ခဒိန်သုံးသပ်ချက် အနှစ်ချုပ်ရသော် ကုသိုလ်တူမှုန် ကန့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်မပြေခြင်း၊ ဝင်ငွေ၊ ထွက်ငွေ များ မမျှတခြင်း တို့ဖြစ်သည်။ ပွဲလမ်းသဘင် မင်္ဂလာပွဲများတွင် လည်း စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။

ပါဝင်ဆွေးနွေးသူများ - ဒေါ်စိန်နု၊ ဒေါ်သန်းဂျိ၊ ဒေါ်မာလာခိုင်၊ ဒေါ်ကိုစန်း၊ ဒေါ်ကြွယ်ဝင်း၊
ဒေါ်ခင်ဆေကြည်၊ ဒေါ်မြို၊ ဒေါ်ရွှေလေး၊ ဒေါ်သန်းတင်၊ ဒေါ်မော်အေး၊
ဒေါ်အေးမူ၊ ဒေါ်မှုန်းကေး၊ ဒေါ်အေးမြင့်၊ ဒေါ်ကြည်ပြ၊ ဒေါ်မြိုး

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - ဒိန္နဗင် ဘ/မ ရက်စွဲ - ၂၄.၁၁.၁၇



ပါဝင်ဆွေးနွေးသူများ - ဦးဇော်ခင်ကြည်ဥက္ကဌ၊ ဦးသန်းထွန်းဦး၊ ဦးမြသောင်း၊ ဦးဝင်းနိုင်၊ ဦးအောင်ထွန်း(ကြီး) ဦးကင်မောင်ဝေ၊ ဦးဥဒိ၊ ဦးတင်ဝင်း၊ ဦးကျော်ထွန်း၊ ဦးဗိုလ်မင်း၊ ဦးစိုးသူအောင် ဦးအောင်ဝင်း(လေး)၊ ဦးကျော်ဦး၊ ဦးအေးကျော်ကို

# ပင့်ကူအိမ်သုံးသပ်ခြင်း ‹သုံးသပ်ချက်›

ပိန္နဲပင်အုပ်စု
ပိန္နဲပင်ကျေးရွာ

ရက်စွဲ - ၂၄.၁၁.၁၇
ဆရာ - ဘုန်းတော်ကြီး
ကျောင်းမှူး

## ဦးဆောင်မှု

ဦးဆောင်မှုတွင် အမျိုးသားက ၆၀%၊ ရှိပြီး အမျိုးသမီးများက ၄၀%၊ ရှိပါသည်။ အမျိုးသမီးများမှာ အမျိုးသားများနှင့် ၁၀% လောက်သာ ကွာပြီး ယခုထက်ပို အချိန်တွင်ပိုပြီး ဆောင်မှု ကောင်းရပါသည်။ အမျိုးသားများ၏ ဖြေရာလွှမ်းမိုးမှု အောက်တွင် အနည်းငယ်သာ တွေ့ရပါသည်။

## လုံခြုံမှု

လုံခြုံမှုတွင် အမျိုးသားများက ၆၀%၊ ရှိပြီး အမျိုးသမီးများက ၄၀%၊ ရှိပါသည်။ အမျိုးသားများမှာလည်း အပြည့်အဝ လုံခြုံမှု မရှိပါ။ အကြောင်းမှာ အသက်ငယ်ရွယ်သော ကလေးများအား ထည့်သွင်းစဉ်းစားထားခြင်းကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများမှာလည်း နေရာတိုင်း စိတ်တိုင်းကျ မသွားနိုင်ပါ။ ထို့ကြောင့် လုံခြုံမှုတွင် ၄၀%၊ လောက်သာ ထားပါသည်။

## ဝင်ငွေ

အမျိုးသားများမှာ ဝင်ငွေတွင် ၇၀%၊ ရှိပြီး၊ အမျိုးသမီးများမှာလည်း ၇၀%၊ ရှိပါသည်။ ယခု အမျိုးသမီးများမှာ စီမံကိန်းလုပ်ငန်းခွင်တွင် နေ့စား လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ရသော ကြောင့်ဖြစ်ပါသည်။

အိမ်ထောင်ရေးအပေါ် ဂရုစိုက်မှု / အိမ်မှုကိစ္စ

အိမ်ထောင်ရေးအပေါ် ဂရုစိုက်မှု / အိမ်မှုကိစ္စတွင် အမျိုးသားများမှာ ၄၀% ရှိပြီး၊ အမျိုးသမီးများမှာ ၆၀% ရှိပါသည်။ အမျိုးသားများမှာ ဝင်ငွေရှာရန် ကြိုးစားနေရသောကြောင့် အိမ်ထောင်ရေးအပေါ် ဂရုစိုက်မှုတွင် အချိန်ပြည့် ဂရုစိုက်မှု မပေးနိုင်ပါ။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသားများမှာ ၇၀% ရှိပြီး၊ အမျိုးသမီးများမှာ ၃၀% ရှိပါသည်။ ပစ္စည်းဥစ္စာများ ရရှိလာသောအခါ အမျိုးသမီးထံတွင် အပ်နှံသော်လည်း ပိုင်ဆိုင်မှု စာချုပ်ချုပ်သောအခါ အမျိုးသား အမည်နှင့်သာ အသုံးပြုကြသောကြောင့် ဖြစ်ပါသည်။

ပညာရေးလက်လှမ်းမီမှု

ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသားများမှာ ၆၀% ရှိပြီး၊ အမျိုးသမီးများမှာ ၇၀% ရှိပါသည်။ အမျိုးသားများအား မိဘများက စိတ်ချသောကြောင့် တစ်နယ်တစ်ကျေးသို့ သွားရောက် ပညာသင်ကြားရန် အခွင့်အရေးများ ရရှိသောကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စ နိုင်နင်းလျှင် အဆင်ပြေသည်ဟု ရှေးရိုးစွဲ အစဉ်အလာများ ရှိခြင်းကြောင့် ပညာရေးတွင် အနည်းငယ် နည်းနေရခြင်း ဖြစ်ပါသည်။

လူမှုရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချနိုင်မှု

လူမှုရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချနိုင်မှု၌ အမျိုးသားများမှာ ၆၀% ရှိပြီး အမျိုးသမီးများမှာလည်း ၆၀% ရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီးများသည် ယခုလက်ရှိအချိန်၌ လူမှုရေးလုပ်ငန်းများ၊ သာရေး၊ နာရေးများတွင် အတူတကွ ဆုံးဖြတ်ကြသောကြောင့် ဖြစ်ပါသည်။

အရင်းအမြစ်အသုံးချနိုင်မှုနှင့် ပိုင်ဆိုင်မှု

အရင်းအမြစ် အသုံးချနိုင်မှုနှင့် ပိုင်ဆိုင်မှုတွင် အမျိုးသားများက ၇၀% ရှိပြီး ၊ အမျိုးသမီးများက ၆၀% ရှိပါသည်။ အမျိုးသားများမှာ အစစအရာရာ သွားလာသဖြင့်ပြီး အသုံးချမှုမှာလည်း များပါသည်။ အမျိုးသမီးများမှာ သာသာအရ သွားလာနည်းသော ကြောင့် အရင်းအမြစ်အသုံးချ၊ ပိုင်ဆိုင်မှုနည်းသည်။

လူမှုရေးကွင်းပါဝင်မှု

လူမှုရေးကွင်းပါဝင်မှု၌ အမျိုးသားများမှာ ၇၀% ရှိပြီး ၊ အမျိုးသမီးများမှာ ၈၀% ရှိပါသည်။ ယခုလက်ရှိအချိန်တွင် အမျိုးသားများမှာ မိသားစုအတွက် ဝင်ငွေရှာဖွေရ ပြီး လူမှုရေးလုပ်ငန်းများတွင် အများစုမှာ အမျိုးသမီးများ ပါဝင်ရခြင်းအား တွေ့ရပါသည်။

အလုပ်အကိုင် အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင်လည်း အမျိုးသားများမှာ ၇၀% ရှိပြီး ၊ အမျိုးသမီး များမှာလည်း ၇၀% ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများမှာ နိုင်ငံရပ်ခြား သို့ သွားရ၍ အလုပ်လုပ်ကိုင်နေသောကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူများ - အစည်းအဝေးတက်ရောက်သူ အားလုံး


အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ
ကျေးရွာ -
save the children
ပါဝင်ဆွေးနွေးသူများ -

အဖွဲ့အစည်းအချိတ်အဆက်ပြပုံသုံးသပ်ချက်

ရက်စွဲ-၂၄.၁၁.၁၇
နေရာ-ဘုန်းတော်ကြီး
ကျောင်းဝင်း

ပိန္နဲပင်အုပ်စု
ပိန္နဲပင်ကျေးရွာ


ပိန္နဲပင်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံအား သုံးသပ်ရာတွင် ကျေးရွာတွင်းအဖွဲ့အစည်းနှင့် ကျေးရွာပြင်ပအဖွဲ့အစည်း စုစုပေါင်း (၁၂) မျိုးရှိပါသည်။ ကျေးရွာတွင်းရှိသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး ၊ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဂေါပကာ အသက်မွေး ၊ ရပ်မိရပ်ဖ ၊ မွေ့ကြော် ၊ ကျောင်းကော်မတီ ၊ ပြည်သူ့စစ် ၊ လူငယ်အဖွဲ့ ၊ Save the children အဖွဲ့တို့ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာနှင့် အနီးစပ်ဆုံးနေရာတွင်ရှိပြီး ကျေးရွာလူထုအပေါ် ဩဇာလွှမ်းမိုးမှု အများဆုံးဖြစ်သည်။ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီအဖွဲ့သည် ကျေးရွာလူထု၊ အုပ်ချုပ်ရေးမှူးတို့နှင့် နီးစပ်ရပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အနည်းငယ် လွှမ်းမိုးမှုရှိပါသည်။ ရပ်မိရပ်ဖ ၊ ဂေါပကာ ၊ Save the children အဖွဲ့တို့သည် အုပ်ချုပ်ရေး ၊ ရွာလူထုတို့နှင့် နီးစပ်ပြီး ဩဇာလွှမ်းမိုးမှု အနည်းငယ်သာရှိသည်။ ကျောင်းကော်မတီ ၊ ပြည်သူ့စစ် ၊ လူငယ်အဖွဲ့ ၊ မွေ့ကြော် ၊ အသက်မွေးအဖွဲ့တို့သည် ဩဇာလွှမ်းမိုးမှု အနည်းငယ်သာရှိပြီး အုပ်ချုပ်ရေး ကျေးရွာလူထု အားလုံးနှင့် နီးစပ်ရပါသည်။ ကျေးရွာပြင်ပ မြို့နယ် ၁ နှင့် ဆက်စပ်ချက်ရှိသော အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေး ၊ လူထုဗဟိုပြုစီမံကိန်း ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ စိုက် ၊ ဘဏ် ၊ လ.ဝ.က ၊ နှလုံးလှလူငယ်ပရဟိတအသင်း ရဲစခန်း ၊ မြို့နယ်အသက်မွေးအဖွဲ့ ၊ ဘဏ်တော ၊ ပညာရေး ၊ ကျန်းမာရေး ၊ Save the children ၊ စိုက်ပျိုးရေး ၊ ရဲအဖွဲ့တို့ ဖြစ်ပါသည်။

အုပ်ချုပ်ရေး အဖွဲ့သည် ကျေးရွာနှင့် ထိတွေ့မှု အသင့်အတင့်ရှိပြီး ကြားကာလွှမ်းမိုးမှုတွင် ကြီးမားပါသည်။ လူထုဗဟိုပြု စီမံကိန်းအဖွဲ့သည်လည်း ကျေးရွာနှင့် ထိတွေ့မှု အလွန်ကောင်းပြီး အရေးပါမှု အလွန်ကောင်းပါသည်။ ကျေး၊ မြို့သည်လည်း ကျေးရွာနှင့်ထိတွေ့မှု အနည်းငယ်ရှိပြီး အရေးပါမှု အသင့်အတင့်ရှိပါသည်။ ပညာရေး၊ ကျန်းမာရေး၊ နှလုံးမှုလူငယ်ဗဟိုဌာန အသင်းသည် ကျေးရွာနှင့် ချိတ်ဆက်မှု အသင့်အသင့်ရှိပြီး အရေးပါမှုတွင်လည်း အသင့်အတင့် ရှိပါသည်။ ဆိုက်၊ ကတင်၊ Save the children၊ တိုက်မျိုးရေး အဖွဲ့များသည် ကျေးရွာနှင့် ထိတွေ့မှု နည်းပြီး အရေးပါမှုတွင်လည်း နည်းပါသည်။ ရဲ၊ လ.ဝ.က၊ မြေတိုင်း မြို့နယ် အသိစေ့၊ သစ်တော အဖွဲ့တို့သည် ကျေးရွာနှင့်ချိတ်ဆက်မှု ရှိရုံသာ ရှိပြီး အရေးပါမှုတွင်လည်း အလွန် နည်းပါးပါသည်။

အဖွဲ့အစည်း ချိတ်ဆက်မှုပြပုံ သုံးသပ်ချက် အနှစ်ချုပ်

ကျေးရွာတွင်းအဖွဲ့အစည်းများနှင့် မြို့နယ်မှ အဖွဲ့အစည်းများသည် အရေးကြီးပြီး ကြုံလာလျှင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အချင်းချင်း အပြန်အလှန် ကူညီကြပြီး ညှိနှိုင်းညှိနှိုင်းလျက် လုပ်ဆောင်ရကြပါသည်။

ပါဝင်ဆွေးနွေးသူများ - (၁) ဦးအောင်ဝင်းကြီး၊ ဦးစိုးဝေ၊ ဦးဝင်းနိုင်၊ ဦးသန်းထွန်းဦး၊
ဦးဖုဦး၊ ဦးတင်ဝင်း၊ ဦးမျိုးမင်းထွေး၊ ဦးအောင်ကြည်ဝင်း၊
ဦးတင်မောင်ဝင်း၊ ဦးတင်ထွန်း။


ပိန္နဲပင်ကျေးရွာ
ပြဿနာအသီးပင်
၂၄-၁-၁၇
အကျိုး ဆက်
ကျေးရွာမှမြို့သို့သွား
ပြဿနာ
အကြောင်းရင်း

မကွေးတိုင်းဒေသကြီး၊ သာရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ပိန္နဲပင်အုပ်စု၊ ပိန္နဲပင်ကျေးရွာ၏

ပြဿနာသစ်ပင် သုံးသပ်ချက်

ရက်စွဲ - ၂၅.၁၁.၁၇

နေရာ - ဘုန်းတော်ကြီးကျောင်း
ဓမ္မာရုံ

မကွေးတိုင်းဒေသကြီး၊ သာရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ပိန္နဲပင်အုပ်စု၊ ပိန္နဲပင်ကျေးရွာ၏ ပြဿနာသစ်ပင်အား သုံးသပ်ရာတွင် အဓိက ပြဿနာများဖြစ်သော အကြောင်းအရင်း ၁၀မျိုး ဖြင့် ဆွေးနွေးထားပါသည်။ ပိန္နဲပင်ကျေးရွာ၏ အဓိက ပြဿနာဖြစ်သော ကျေးရွာဖွံ့ဖြိုးရေး နှောင့်နှေး ခြင်း၏ အကြောင်းရင်းများမှာ လမ်းမကောင်းခြင်း၊ တံတားမရှိခြင်း၊ ဆေးပေးခန်းမရှိခြင်း၊ မီးမရှိခြင်း၊ စာကြည့်တိုက်မရှိခြင်း၊ စာသင်ကျောင်း မဆံ့နိုင်ခြင်း၊ အသေးစားချေးငွေ မရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ မသိခြင်း၊ စက်မှုလက်မှု သင်တန်းမရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။ လမ်းမကောင်းသဖြင့် မိုးတွင်းအခါ သွားလာရာတွင် အဆင်မပြေမှုအား ကြုံရပါသည်။ တံတားမရှိသဖြင့် ချောင်းဖြတ်ကူးပြီး သွားလာရခက်ခဲပါသည်။ ဆေးပေးခန်း မရှိခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှု အားနည်းပြီး အချိန်မီ ကုသရန် ခက်ခဲခြင်း၊ အသက် အန္တရာယ်ထိခိုက်ရခြင်းတို့ ဖြစ်ပါသည်။ မီးမရှိခြင်းကြောင့် ညအချိန် စာကြည့်ရန် အဆင်မပြေခြင်း သွားလာရာတွင် ပိုးမွှား အန္တရာယ်ထိခိုက်ရခြင်း၊ စာကြည့်တိုက် မရှိခြင်းကြောင့် ဗဟုသုတ အား နည်းခြင်း၊ လူမှုရေး၊ စီးပွားရေး အမြင် အားနည်းခြင်း၊ စာသင်ကျောင်း မဆံ့နိုင်ခြင်း ကြောင့် ကလေးများ စာသင်ရာတွင် နေရာ အဆင်မပြေခြင်း တို့ဖြစ်သည်။ အသေးစား ချေးငွေ မရှိခြင်းကြောင့် စိုက်ပျိုးရေးများ လုပ်ကိုင်ရာ လိုအပ်သည့်အချိန် မရရှိခြင်း၊ စိုက်ပျိုးရေး နည်းပညာမသိခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မအောင်မြင်၊ သီးနှံများ မထွက်၊ ဈေးကောင်းမရခြင်းတို့ ဖြစ်သည်။ မွေးမြူရေး နည်းပညာ မရှိခြင်းကြောင့် မွေး မြူရေးလုပ်ငန်း (တစ်ပိုင်တစ်နိုင်) အောင်မြင်မှုနည်းပါး၊ စက်မှုလက်မှု သင်တန်း မရှိခြင်း ကြောင့် ဝင်ငွေ ရရှိမှု နည်းပါး၊ အလုပ်အကိုင်များ ရှားပါးခြင်းတို့ ဖြစ်ပါသည်။

ပြဿနာသစ်ပင်ဖော်ထုတ်ချက် အနှစ်ချုပ်

ပြဿနာသစ်ပင်ဖော်ထုတ်ချက်အား အနှစ်ချုပ်ရသော် လမ်းမကောင်းခြင်း၊ မိုးကြီး၍ အခါ သွားလာရခက်ခဲ၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်း၊ ဗဟုသုတ အားနည်း၊ ဝင်ငွေနည်းပါး၊ အလုပ်အကိုင် ရှားပါးခြင်းတို့ ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူများ - အစည်းအဝေးတက်ရောက်သူ အားလုံး

ရက်စွဲ - ၂၅.၁၁.၁၇

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ

ဥက္ကဋ္ဌ

ဦးအောင်ဝင်း ၊ ဒေါ်သီတာဝင်း

**ဝယ်ယူရေးဆပ်ကော်မတီ**

ဦးအောင်ကြည်ဝင်း၊ ဦးကျော်အောင်ဝင်း
ဒေါ်မြင့်နိုင်

**စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

ဦးသိန်းဝင်း၊ ဒေါ်ခင်မာကြီ၊ ဒေါ်နုယ်ဝင်း

**လုပ်ငန်းထိန်းသိမ်းရေးဆပ်ကော်မတီ**

ဦးသိန်းနိုင်၊ ဦးကောင်းထွန်း ၊ ဒေါ်စန်းနု

**ငွေကြေးထိန်း**

ဦးသန်းနိုင်၊ ဒေါ်စန်းသီတာ

**ကျေးရွာဘဏ္ဍာရေးစာရေး**

ဒေါ်ခင်မာလေး

**ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ**

ဦးစိုးသူအောင် ၊ ဒေါ်ဆွေဆွေဝင်း

လူထုစည်းရုံးရေးမှူးမှ စီမံကိန်းလုပ်ငန်းများအား ဆွေးနွေးနေပုံ



ကျေးရွာမြေပုံအား အမျိုးသားအဖွဲ့မှ ရေးဆွဲနေပုံ



အမျိုးသမီးအဖွဲ့မှ ပင့်ကူအိမ်သုံးသပ်ချက်အားဆွေးနွေးနေပုံ



အမျိုးသားအဖွဲ့မှ ပင့်ကူအိမ်သုံးသပ်ချက်အားဆွေးနွေးနေပုံ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

